# ဗွီအိုအေ မြန်မာပိုင်းအစီအစဉ်
## ၂၀၀၄ ခုနှစ် အောက်တိုဘာလ (၃၁) ရက်နေ့၊ ညပိုင်းအစီအစဉ်

**ဗွီအိုအေ။** ။ သောတရှင်များခင်ဗျာ။ အင်ဒီယားနားပြည်နယ် ဖို့ဝေးမြို့မှာ အောက်တိုဘာလ (၃၀) ရက်နေ့ကနေ မနက်ဖြန် နိုဝင်ဘာလ (၁) ရက်နေ့အထိ သုံးရက်ကြာကျင်းပနေဆဲဖြစ်တဲ့ မြန်မာ့ဒီမိုကရေစီအင်အားစုများရဲ့ ဒုတိယအကြိမ်မြောက်ညီလာခံနဲ့ပတ်သက်လို့ ဗွီအိုအေမြန်မာပိုင်းအစီအစဉ်ရဲ့ ဖို့ဝေးမြို့အခြေစိုက်သတင်းထောက်ပေးပို့ထားတာကိုနားဆင်ကြပါခင်ဗျာ။

**ဗွီအိုအေ။** ။ သောတရှင်များရှင်။ ဒုတိယအကြိမ်မြန်မာ့ဒီမိုကရေစီအင်အားစုများညီလာခံကို အောက်တိုဘာလ (၃၀) ရက် စနေနေ့ နံနက် ၁၀ နာရီကနေ ညနေ ၅ နာရီအထိ အင်ဒီယားနားပြည်နယ် ဖိုဝေးမြို့ရဲ့ အင်ဒီယားနား ယူနီဘာစတီ မှာကျင်းပကြပါတယ်။ ညီလာခံကို အောက်တိုဘာ (၃၀) ရက်ကနေ နိုဝင်ဘာ (၁) ရက်နေ့အထိ သုံးရက်ဆက်တိုက်ကျင်းပကြမှာဖြစ်ပါတယ်။ ညီလာခံဖြစ်မြောက်ရေးတာဝန်ခံ ကိုမောင်မောင်စိုးက တက်ရောက်လာတဲ့နိုင်ငံရေးအဖွဲ့အစည်းတွေရဲ့အမည်ကို အခုလိုပြောပြပါတယ်ရှင်။

**မောင်မောင်စိုး။** ။ အဓိကအားဖြင့်တော့ အဓိကတပ်ပေါင်းစုတခုဖြစ်တဲ့ အမျိုးသားကောင်စီပေါ့လေ။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီက အဖွဲ့ဝင်တွေရောက်လာပါတယ်။ ABSDF နောက် ပြည်ထောင်စုမြန်မာနိုင်ငံညွန့်ပေါင်းအစိုးရရဲ့ ဝန်ကြီးချုပ်နဲ့အဖွဲ့ရောက်လာပါတယ်။ နောက် KNU ကကိုယ်စားလှယ်များလည်းရောက်လာပါတယ်။ နောက် မွန်ကိုယ်စားလှယ်များတက်ရောက်လာပါတယ်။ အဓိကအားဖြင့်တော့ ကျနော်တို့ ဒီတော်လှန်ရေးမှာအချက်ကျနေတဲ့ အဖွဲ့အစည်းပေါင်းစုံကလူတွေရောက်လာကြပါတယ်။ နိုင်ငံအားဖြင့်တော့ အခြေခံအားဖြင့်တော့ ထိုင်း၊ ဂျပန်၊ အမေရိကန်၊ ကနေဒါနဲ့တခြားနိုင်ငံတွေကလူတွေအဓိကပါဝင်ပါတယ်။

**ဗွီအိုအေ။** ။ ဆက်လက်ပြီး အမျိုးသားညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်းက ဒုတိယအကြိမ်မြန်မာဒီမိုကရေစီအင်အားစုများညီလာခံဟာ ပထမအကြိမ်ကဆုံးဖြတ်ထားတဲ့ဆုံးဖြတ်ချက်တွေကို ပြန်လည်စိစစ်ပြီး အဓိကကျတဲ့လှုပ်ရှားမှုတွေကို ထပ်မံအကောင်အထည်ဖော်နိုင်ဖို့အတွက် ဒီညီလာခံမှာအဓိကထားဆွေးနွေးသွားမှာဖြစ်ကြောင်းပြောပြပါတယ်။ တဆက်တည်းမှာပဲ ဒေါက်တာစိန်ဝင်းက ဒီ ဒုတိယအကြိမ်ညီလာခံမှာ NCGUB ရဲ့ ဦးဆောင်အခန်းကဏ္ဍကိုပြောတာကတော့ –

**ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်း။** ။ အရေးကြီးတဲ့အခန်းကဏ္ဍကတော့ ဒီ မူတို့၊ ပေါ်လစီတို့ဆိုင်ရာတွေ နောက် ကျနော်တို့ နိုင်ငံရေးသုံးသပ်ချက်ဆိုင်ရာ ဒီဟာ ကျနော်တို့အနေနဲ့အဲဒါတွေပေါ့ ကျန်တဲ့အဖွဲ့တွေနဲ့ ညှိနှိုင်းပြီးတော့ လုပ်ဖို့ပေါ့နော်။

**ဗွီအိုအေ။** ။ ထိုင်းမြန်မာနယ်စပ်မှရောက်ရှိလာတဲ့ ကရင်အမျိုးသားအစည်းအရုံးကအထွေထွေအတွင်းရေးမှူး ဒေးဗစ်တာကဘောက KNU အနေနဲ့ဒီ ညီလာခံမှာကျရာနေရာကနေ မြန်မာပြည်ဒီမိုကရေစီရရှိဖို့နဲ့ စစ်မှန်သောဒီမိုကရေစီပေါ်ထွန်းဖို့အတွက် တစိုက်မတ်မတ်တိုက်ပွဲဝင်သွားဖို့ အခုလိုပြောပါတယ်။ တဆက်ထဲမှာပဲ လက်ရှိ KNU နဲ့ မြန်မာစစ်စိုးရစ္စေ့စပ်ညှိနှိုင်းရေးနဲ့ပတ်သက်ပြီးပြောတာကတော့ –

**ဒေးဗစ်တာကဘော။** ။ တိုတိုနဲ့လိုရင်းပြောရရင် အခုထက်ထိတော့ ကျနော်တို့ ရေရေရာရာ ကျနော်တို့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မရသေးပါဘူး။ အဲဒါ ကျနော်တို့ ခိုင်ခိုင်မာမာပေါ့လေ၊ အပစ်အခတ်ရပ်စဲဖို့ကို KNU အနေနဲ့ကလိုလားတယ်။ အဲ အပစ်အခတ်ရပ်စဲရေးရပြီးလို့ရှိရင် ကျနော်တို့နိုင်ငံရေးအရ ဆွေးနွေးရဦးမှာပါ။ အဲဒီတော့ အဲလိုအဆင့်ဆင့်သွားရမယ့်နေရာမှာ ကျနော်တို့ကစနစ်တကျမှန်မှန်ကန်ကန်သွားဖို့လိုတယ်။ အဲဒီလိုပဲသွားနိုင်မှ ကျနော်တို့ ဒီ ကျနော်တို့လိုလားတဲ့ဒီမိုကရေစီစနစ်နဲ့ ပြည်ထောင်စုစနစ် အဲဒါရရှိမှာဖြစ်တယ်။ အဲလိုသဘောထားရှိပါတယ်။

**ဗွီအိုအေ။** ။ မွန်အမျိုးသားညီညွတ်ရေးအဖွဲ့ရဲ့ကိုယ်စားလှယ်က ညီလာခံမှာသူတို့အနေနဲ့ဆွေးနွေးတင်ပြသွားမယ့်အချက်ကို အခုလိုပြောပြပါတယ်ရှင်။

**မွန်အမျိုးသားညီညွတ်ရေးအဖွဲ့။** ။ အမေရိကန်မှာအခြေစိုက်နေတဲ့ အဝေးရောက်ဒီမိုကရေစီအင်အားစုတွေနောက်တခြားတိုင်းရင်းသားအဖွဲ့အစည်းတွေအနေနဲ့ ဒီကုလမသဂ္ဂမှာဘဲဖြစ်ဖြစ် နိုင်ငံတကာအဖွဲ့အစည်းမှာပဲဖြစ်ဖြစ် အဲဒီ မြန်မာနိုင်ငံအရေးကိုပိုပြီးတော့စိတ်ဝင်တစားနဲ့ရှိလာဖို့ ပိုမိုဖိအားတွေပေးလာနိုင်ဖို့အတွက်လုပ်ဆောင်နိုင်လိမ့်မယ်လို့ကျနော်တို့ယူဆတယ်။ နောက် တဆက်ထဲမှာလည်း ကျနော်တို့ ဒီ ပြည်သူလူထုနဲ့ပူးတွဲလုပ်ဆောင်နေတဲ့အဖွဲ့တွေကလည်း ကျနော်တို့ ဒီ မြန်မာပြည်ထဲမှာ ဒါမှမဟုတ် ကျနော်တို့ တိုင်းရင်းသားဒေသထဲမှာ စစ်အစိုးရတွေကိုဘယ်လိုနည်းလမ်းမျိုးနဲ့ဆန့်ကျင်သွားဖို့၊ လုပ်ငန်းတွေလုပ်ဆောင်သွားဖို့လည်းအဓိကအကြံဉာဏ်တွေရလာလိမ့်မယ်လို့ ကျနော်တို့မျှော်လင့်တယ်။

**ဗွီအိုအေ။** ။ သောတရှင်များရှင်။ မြန်မာ့ဒီမိုကရေစီဒုတိယအကြိမ်ညီလာခံရဲ့ ပထမရက်နေ့မှာ ဒီမိုကရေစီအင်အားစုအလုပ်အမှုဆောင်ကော်မတီက ကော်မတီအလိုက် ညီလာခံကိုအစီရင်ခံစာများဖတ်ကြားကြပါတယ်။ ညီလာခံရဲ့ပထမနေ့မှာတော့ လူဦးရေပေါင်း (၁၅၀) ပတ်ဝန်းကျင်တက်ရောက်ခဲ့ကြောင်း ဗွီအိုအေ ပရိတ်သတ်များထံတင်ပြအပ်ပါတယ်ရှင်။